# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
# စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၀၇)
# သင်တန်းဝင်ညွှန်ကြားလွှာ

## တည်နေရာ၊ သင်တန်းကာလနှင့် သတင်းပို့ရမည့်နေ့

၁။ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၀၇)ကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာအနီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ မတ်လ ၂၂ ရက်နေ့အထိ ရက်သတ္တ(၁၀)ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတက်ရောက်ရမည့်သူများသည် **၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် (သောကြာနေ့) မွန်းလွဲပိုင်း (၁၈:၀၀)နာရီ** နောက်ဆုံးထား၍ ရောက်ရှိသတင်းပို့ကြရမည်။

## ရည်ရွယ်ချက်

၂။ နိုင်ငံ့တာဝန်ထမ်းဆောင်နေသော စာရေးဝန်ထမ်းများအား အမျိုးသားရေးအမြင်ရရှိရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုရှိစေရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် သက်ဆိုင်ရာပညာရပ်များကို အခြေခံအားဖြင့် နားလည်သဘောပေါက်စေပြီး စည်းကမ်းနှင့် ကိုယ်ကျင့်သိက္ခာကို စောင့်သိထိန်းသိမ်း တတ်သော ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်သည်။

## သင်တန်းသားအရည်အချင်းသတ်မှတ်ချက်

၃။ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိနေကြသော အသက်(၄၅)နှစ် နှင့်အောက် **အငယ်တန်းစာရေး၊ စာရေးဝန်ထမ်းအဆင့်(၁)၊ လစာနှုန်း (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) နှင့် အကြီးတန်းစာရေး၊ စာရေးဝန်ထမ်းအဆင့်(၂)၊ လစာနှုန်း (၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) အဆင့်ဝန်ထမ်းများ** တက်ရောက်ရမည်ဖြစ်ပြီး အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား လုံးဝ (လုံးဝ) စေလွှတ်ခြင်း မပြုပါရန် ဖော်ပြအပ်ပါသည်-

(က) ဆေးအဆင့်မမီသူများ (ဥပမာ-ကူးစက်ရောဂါ၊ စိတ်ရောဂါ၊ ကင်ဆာရောဂါ၊ အရေပြား ရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ခြေ၊ လက်၊ ကိုယ်အင်္ဂါ အစိတ်အပိုင်း ခွဲစိတ်ကုသထားသူများနှင့်ဆေးထောက်ခံချက်တွင် Unfit For Training) ဖြစ်နေသူများ၊

( ခ ) COVID-19 ကာကွယ်ဆေး(၂)ကြိမ် မထိုးရသေးသူများ

( ဂ ) အမှုကိစ္စနှင့်ပတ်သက်၍ ခုံရုံး၊ တရားရုံးများတွင်အမှုဆိုင်ရန်၊ သက်သေခံရန်ရှိသူများ၊

(ဃ) ကိုယ်ဝန်ဆောင်နှင့် မီးဖွားပြီးစ အမျိုးသမီးများ၊

| | | |
|---|---|---|
| (၂) | စောင် | ၁ ထည် |
| (၃) | ခေါင်းအုံးစွပ် | ၁ ခု |
| (၄) | မတ်ခွက် | ၁ လုံး |
| (၅) | ဇွန်း/ခက်ရင်း | ၁ စုံ |
| (၆) | အနွေးထည်/မိုးကာအင်္ကျီ | ၁ ထည် |
| (၇) | တိုက်ပုံ(အဖြူ) | ၁ ထည် |
| (၈) | ခြေအိတ် (အဖြူ) | ၂ စုံ |
| (၉) | ခြေအိတ် (အနက်) | ၂ စုံ |
| (၁၀) | သေတ္တာ/ Baggage | ၁ လုံး |
| (၁၁) | နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ | ၁ အုပ် |
| (၁၂) | ဗလာစာအုပ် | ၁ ဒါဇင် |
| (၁၃) | ကင်းဘတ်ဖိနပ်(အဖြူ) | ၁ ရန် |
| (၁၄) | PT အင်္ကျီ တီရှပ် (အဖြူ) | ၁ ထည် |
| (၁၅) | A4 80 ဂရမ် | ၁ ထုပ် (သင်ခန်းစာဖြန့်ဝေရန်) |

(ခ) သတင်းပို့လာရောက်သည့်အခါ အောက်ဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများကို တစ်ပါတည်း ယူဆောင်လာကြရမည်-

(၁) နိုင်ငံသားစိစစ်ရေးကတ်ပြား၊

(၂) ဌာနဆိုင်ရာ ခရီးသွားလာခွင့်အမိန့်၊

(၃) အမှုကင်းရှင်းကြောင်း ဌာနဆိုင်ရာထောက်ခံချက်၊

(၄) ဆေးလက်မှတ် ထောက်ခံချက် ပေးပိုင်ခွင့်ရှိသော ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဆေးရုံ၊ ဆေးခန်းတာဝန်ခံဆရာဝန်များထံမှ ကျန်းမာကြောင်းဆေးထောက်ခံချက်၊

(၅) COVID-19 ကာကွယ်ဆေး(၂)ကြိမ် ထိုးပြီးကြောင်း ထောက်ခံချက်နှင့် သင်တန်းသို့ ဝင်ရောက်သတင်းမပို့မီ (၇၂)နာရီအတွင်း COVID-19 ရောဂါပိုးစစ်ဆေးပြီး ရောဂါပိုးမတွေ့ရှိကြောင်း ထောက်ခံချက်။

(ဂ) အောက်ပါစရိတ်များကျခံရပါမည်-

(၁) လစဉ်ဆံပင်ညှပ်ခ(သင်တန်းသား)၊

(၂) ကသဆွဲပြား၊

(၃) လိုင်စင်ဓာတ်ပုံကြေး၊

(၄) ဒိုဘီခ၊

(၅) ယူနီဖောင်းတံဆိပ်တပ်ခ။

